# ကူမင်းတွင် တျမ်း(ယူနန်)လာအို၊ တျမ်းမြန်မာခရီးသွားဖလှယ်ရေးသင်တန်းစတင်ဖွင့်လှစ်

ဤသတင်းစာသတင်းအရ သိရသည်မှာ (သတင်းထောက်ဖွေးဖွေး)နိုဝင်ဘာလ(၁၃)ရက်နေ့မှ (၁၄)ရက်နေ့အထိ (၄)ကြိမ်မြောက်တရုတ်ယူနန်-လာအိုခရီးသွားလာရေးအရာရှိများနှင့် ခရီးသွားလာရေးလုပ်ငန်းအုပ်ချုပ်သူများဖလှယ်မှုသင်တန်း၊ (၅)ကြိမ်မြောက် တရုတ်ယူနန်-မြန်မာခရီးသွားလာရေးအရာရှိများနှင့် ခရီးသွားလာရေးလုပ်ငန်းအုပ်ချုပ်သူများ ဖလှယ်မှုသင်တန်းကို ကူမင်းတွင်အသီးသီးစတင်ဖွင့်လှစ်ခဲ့သည်။ အစီအစဉ်များကိုတရုတ်နိုင်ငံ ခရီးသွားလာရေးညွှန်ကြားရေးဦးစီးဌာနချုပ်မှ ဦးဆောင်ကျင်းပပြီး ယူနန်ပြည်နယ် ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့၊ ယူနန်ခရီးသွားလုပ်ငန်းကောလိပ်မှ ပံ့ပိုးကူညီကျင်းပခဲ့သည်။

ကူမင်းအခြေစိုက် လာအိုနိုင်ငံကောင်စစ်ဝန်ချုပ် ခန်ဖုန် • ဖုန်းစတီ၊ ကူမင်းအခြေစိုက် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ဦးစိုးပိုင်တို့မှ တျမ်း(ယူနန်)လာအို၊ တျမ်းမြန်မာဖလှယ်မှုသင်တန်းဖွင့်ပွဲအခမ်းနားအစီအစဉ်ကို အသီးသီးတက်ရောက်ခဲ့ကြသည်။

အစီအစဉ်(၂)ခုလုံးမှာ အချိန်(၁၂)ရက်ကြာသည်။ လာအို၊ မြန်မာမှရောက်ရှိလာကြသော သင်တန်းသားများသည် ကူမင်း၊ တာ့လီ၊ လီကျန်း စသည့်နေရာများသို့ ကွင်းဆင်းပြီး ယူနန်ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို လေ့လာခဲ့ကြသည်။ ယူနန်မှ နယ်ပယ်အားလုံးခရီးသွားလာရေးကို တွန်းတင်သည့်အတွေ့အကြုံကိုသင်ယူခဲ့သည်။ ကူမင်းတွင်ကျင်းပသည့် ၂၀၁၇ တရုတ်နိုင်ငံတကာခရီးသွားဖလှယ်ပွဲတွင် ပါဝင်တက်ရောက်ကြသည်ဖြစ်ပြီး တရုတ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးရလဒ်ကိုလည်း သိကျွမ်းလာပါသည်။



တရုတ်နိုင်ငံသို့ လာရောက်နီးနှော ဖလှယ်သင်ယူသည့်အခွင့်အရေးရရှိသည်ကို အထူးဝမ်းသာပါကြောင်း၊ ဤသို့သော အစီအစဉ်များသည် ခရီးသွားလာရေးပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေနိုင်သည်သာမက လာအို-တရုတ်၊ မြန်မာ-တရုတ်ခရီးသွားလာရေး အပြန်အလှန်အကျိုးရရှိရေးအတွက် အခွင့်အရေးအသစ်ကို ဖန်တီးနိုင်ပါကြောင်း လာအို၊ မြန်မာသင်တန်းသားများက ပြောကြားကြသည်။ "တရုတ်နိုင်ငံမှ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု' အဆိုပြုချက်ကို တင်ပြသည်နှင့်အတူ မြန်မာတရုတ် နှစ်နိုင်ငံခရီးသွားလာရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအရှိန်အဟုန်မှာ ပိုမိုကောင်းမွန်လာနေပါတယ်။ ကျွန်တော်လည်း တရုတ်နိုင်ငံမှာသင်ယူခဲ့တဲ့အတွေ့အကြုံတွေကို မြန်မာနိုင်ငံသို့သယ်ဆောင်ပြန်ပြီး အတူမျှဝေအတူယူမှာဖြစ်ပါတယ်။"ဟု ဖလှယ်မှုသင်တန်းကို ဒုတိယအကြိမ်ပါဝင်တက်ရောက်သည့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်တောင်ပိုင်း ဟိုတယ်လုပ်ငန်းအသင်း ဥက္ကဋ္ဌဦးမျိုးမင်းဇော်က ပြောကြားသွားပါသည်။

ယခုနှစ်ပိုင်း ယူနန်ပြည်နယ်နှင့် လာအို၊ မြန်မာခရီးသွားလာရေးပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်မှာ ပိုမိုကျယ်ပြန့်လာပြီး အဆင့်ပိုမိုများပြားလာသည်။ နှစ်ဖက်အသွားအလာဖလှယ်ခြင်း၊ အားသာချက် အားနည်းချက်ဖြည့်စွက်ခြင်း၊ အကျိုးတူအောင်မြင်ခြင်းစသည့် ကောင်းမွန်သောအခြေအနေများ ဖြစ်ပေါ်လာနေပါသည်။ ဖလှယ်ရေးသင်တန်းအစီအစဉ်မှာ အကြိမ်များစွာ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နိုင်ငံအသီးသီးခရီးသွားပူးပေါင်းဆောင်ရွက်ရေးအတွက် လူထူးလူချွန်များစုစည်းကာ အင်အားများသယ်ပို့ပေးနေပါသည်။ တရုတ်လာအို၊ တရုတ်မြန်မာခရီးသွားလာရေးလုပ်ငန်း ဆက်လက်ဖွံ့ဖြိုးတိုးတက်နိုင်စေပါသည်။

# "တျမ်း(ယူနန်)ဟင်းလျာများအင်တာနေရှင်နယ်ပုံစံဖြစ်လာ" တျမ်းဟင်းလျာများသည် ကမ္ဘာ့စင်မြင့်တွင်ထွန်းလင်းတောက်ပနေ

"ကျွန်တော်တို့သည် ယူနန်ပြည်နယ်အစားအသောက်လုပ်ငန်းအဖွဲ့အစည်းကို ကိုယ်စားပြုပြီး ပါဝင်ယှဉ်ပြိုင်ခဲ့တာ နောက်ဆုံးအုပ်စုဒုတိယဆုနှင့် ဟင်းလျာရွှေတံဆိပ်ဆုကို ဆွတ်ခူးရယူနိုင်ခဲ့တယ်။" ယခုရက်ပိုင်း ၂၀၁၇ကမ္ဘာ့စားဖိုမှူးအသင်း FHM မလေးရှားရွှေနွားနိုင်ငံတကာ ဟင်းချက်ပြိုင်ပွဲကို ကွာလာလမ်ပူတွင် အောင်မြင်စွာပြီးဆုံးခဲ့သည်။ ယူနန်နာမည်ကြီးစားဖိုမှူး တုံချောင်းယူ၊ ရှက်ရီ၊ ချန်ရီလီ(၃)ဦးနှင့်လက်ထောက်(၁)ဦးဖြင့် ဖွဲ့ထားသော တရုတ်ယူနန်အဖွဲ့သည် ယခုနှစ်ပိုင်း အဆိုပါပြိုင်ပွဲတွင်ပါဝင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့၏ အကောင်းဆုံးဆုကို ဆွတ်ခူးရရှိနိုင်ခဲ့သည်။

ယင်းဟင်းချက်ပြိုင်ပွဲကို ကမ္ဘာ့စားဖိုမှူးယူနီယံအဖွဲ့မှ ကျင်းပခဲ့သည်။ လုပ်ငန်းလောကအတွင်းတွင် မြင့်မားသောဩဇာလွှမ်းမိုးမှုနှင့် ထင်ပေါ်ကျော်ကြားမှုများကိုရရှိခဲ့သည်။ ယင်းသည် ဟင်းချက်ပြိုင်ပွဲများအတွင်း၏ "အိုလံပစ်ပွဲ"အဖြစ် တင်စားခေါ်ဝေါ်ခြင်းခံရသော ပေါ်ကူစီးကမ္ဘာ့ဟင်းချက်ပြိုင်ပွဲထက် အောက်တစ်ဆင့်သာ ရှိနေပါသည်။

စာရင်းပေးသွင်းသည့်အခါမှာ ပြိုင်ပွဲနှင့်အချိန်(၁)လသာ ကျန်တော့သည်ဟု တုံချောင်းယူက အတိတ်ကိုပြန်လည်ပြောပြနေသည်။ နေ့စဉ်အလုပ်ဆင်းပြီးနောက် သူတို့သုံးယောက်သည် အလုပ်အခန်းသို့စုဝေးပြီး ပြိုင်ပွဲစည်းကမ်းကို သိကျွမ်းနားလည်ရင်း ထိုနေ့တွင် ဝယ်ရသောကုန်ကြမ်းများဖြင့် လေ့ကျင့်နေကြသည်။ လေ့ကျင့်လိုက်တိုင်း တစ်ညလုံးကုန်သွားပါတော့သည်။

သူတို့၏ပြိုင်ပွဲဟင်းလျာကို ကြည့်လိုက်သော် မှိုအမဲဆိတ်သား၊Boletus အမဲသားကြော်၊ အမဲသားအစိမ်းရွက်လိတ်၊ ကြွက်နားရွက်ဖြူအမဲသားဟင်းရည်စသည့် ယူနန်ထူးခြားသောဟင်းလျာများကိုတွေ့မြင်နိုင်ပါသည်။ "ကျွန်တော်တို့သည် ပြိုင်ပွဲထဲတွင်အဆင့်ဆင့်အောင်မြင်ပြီး နောက်ဆုံးရလဒ်အကောင်းရရှိနိုင်ခဲ့သည်မှာ တျမ်း(ယူနန်)ဟင်းနှင့် အနောက်တိုင်းဟင်းများကို ရောစပ်လိုက်ခြင်းဖြစ်ပါသည်။"ဟု စားဖိုမှူးက ပြောကြားခဲ့သည်။ သူတို့သည် အနောက်တိုင်းဟင်းလျာအခြေခံပုံစံကို မပြောင်းလဲသည့်အခြေခံမှာ ယူနန်ဟင်း၏ စားသောက်ကုန်ကြမ်း၊ ချက်ပြုတ်နည်းလမ်းများကို အသုံးပြုခြင်းဖြင့် ယူနန်အရသာဖြင့်ကမ္ဘာ့ဟင်းလျာကို ဖော်ပြနိုင်ခဲ့သည်။ နောက်ဆုံးပြိုင်ပွဲတွင် ယူနန်၏ အချိုကျန်ယို့(ငံပြာရည်)ဖြင့် ဩစတေးလျတိုက်အမဲသားကို ချက်ပြုတ်လိုက်ကာ အနောက်တိုင်းလူများ၏အရသာနှင့်ကိုက်ညီသည်။ "တိုင်းရင်းသားယဉ်ကျေးမှုက ကမ္ဘာ့ပြည်သူပြည်သားတွေရဲ့သဘောကျမှုနဲ့လိုက်ညီတယ် ။"ဟု အံ့အားသင့်စေခဲ့သည်။

စာဖိုးမှူး(၃)ဦးမှာ ပြိုင်ပွဲသို့သယ်ဆောင်လာသော အပင်ပန်း၊ မှို၊ Boletus၊ ဝါးငှက်သိုက်၊ ရွှေကြွက်နားရွက်၊ အရောင်(၅)ရောင်ဆန်စသည့် ယူနန်စားသောက်ကုန်များသည် အကဲဖြတ်သူ နှင့် ယှဉ်ပြိုင်သူများ၏ဂရုစိုက်မှု ရရှိနိုင်ခဲ့သည်။ ကျွန်တော်တို့အလုပ်စင်ရှေ့ကို ဒိုင်လူကြီးက လာပြီးမေးမြန်းခဲ့သေးတယ်။ ယူနန်ရဲ့စားသောက်ကုန်မှာ ထူးခြားကြွယ်ဝပြီး ကမ္ဘာပေါ်မှာ ကျယ်ပြန့်စွာကြော်ငြာသင့်တယ်လို့သူကထင်မြင်ကြောင်းပြောကြားခဲ့တယ်။ "ယူနန်အရသာ"သည် စျေးနှုန်းချိုသာပြီး ထူးခြားသော်လည်း ကမ္ဘာပေါ်တွင် နာမည်မရှိသေးသောကြောင့် "ယူနန်အရသာ" ကို အင်အားပါပါကြော်ငြာခြင်းသည်လည်း တျမ်း(ယူနန်)ဟင်းလျာကို အင်တာနေရှင်နယ်ပုံစံ ဖြစ်ပေါ်လာနိုင်စေသည့် အလေးပါအကြောင်းအရာဖြစ်သည်ဟု တုံချောင်းယူက ပြောကြားခဲ့ပါသည်။

သတင်းထောက် ကျူဟိုက်
လီဝိမ်ကျွင်း။

## ယူနန်ကူမင်းသို့ နှုတ်သီးနီဇင်ရော်များဆောင်းရာသီကူးရန် (၃၃) နှစ်ဆက်တိုက် ပျံသန်းရောက်ရှိလာ

ယခုရက်ပိုင်းယူနန်ကူမင်းသို့သောင်းချီသော နှုတ်သီးနီဇင်ရော်များ ပျံသန်းရောက်ရှိလာခဲ့သည်။ ဆိုက်ဘေးရီးယားစသည့်နေရာများတွင် ကြီးပြင်းသည့် နှုတ်သီးနီဇင်ရော်များသည် ဆောင်းရာသီကူးရန် (၃၃)နှစ်ဆက်တိုက် ပျံသန်းရောက်ရှိလာခဲ့သည်။



၁၉၈၅ခုနှစ် ထောင်ချီသော နှုတ်သီးနီဇင်ရော်များသည် ကူမင်းသို့ရောက်ရှိပြီး ပထမဆုံးအကြိမ်ဆောင်းရာသီကူးရန်ရောက်ရှိလာခဲ့သည်။ ထိုအချိန်မှစပြီး နှစ်တိုင်းအောက်တိုဘာလကုန်မှ နိုဝင်ဘာလဆန်းအထိ ဤငှက်ကလေးများသည် ဝေးလံသောခရီးများပျံသန်းပြီး မြို့သူမြို့သားများ ခရီးသွားပြည်သူများနှင့် သာယာစွာဆက်ဆံနေသည့် ပုံရိပ်မှာ ကူမင်းဆောင်းရာသီ ဆောင်းဦးရာသီ၏ ရှုခင်းပုံတစ်ခုဖြစ်လာခဲ့သည်။ ကူမင်းမြို့သူမြို့သားများသည် နှုတ်သီးနီဇင်ရော်များကို အထူးဂရုစိုက်ချစ်မြတ်နိုးကြသည်။ ဒေသခံအစိုးရသည် နှစ်စဉ်နှစ်တိုင်းအထူး ငွေစရိတ်ထုတ်ပေး၊ အထူးကျွမ်းကျင်သူများဖွဲ့စည်းပြီး နှုတ်သီးနီဇင်ရော်များကို အထူးကျွမ်းကျင်သူများကိုဖွဲ့စည်းကာအစာကျွေးလေ့ရှိသည်။ နှုတ်သီးနီဇင်ရော်များကို ထိခိုက်မှုများမရှိအောင်သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုသတ်မှတ်ထားသည်။

(ဆင်ဟွာသတင်းထောက်
လင်ရီကွမ်း)